# ဂျပန်နိုင်ငံတွင်ထိုးပေးနေသော ကိုရိုနာကာကွယ်ဆေးအမျိုးအစားနှင့်ပတ်သက်ပြီး သိသင့်စရာများ

- Pfizer (USA)ဆေးကုမ္ပဏီက ထုတ်လုပ်သောကိုရိုနာကာကွယ်ဆေး (**mRNA** ကာကွယ်ဆေး) သည်ကိုရိုနာဗိုင်းရပ်စ်ပိုးအလွယ်တကူ ကူးစက်မှုခံရမှုမှကာကွယ်ရန် ကိုယ်ခန္ဓာအတွင်း ပရိုတိန်းများကိုထုတ်ပေးသော မျိုးရိုးဗီဇသတင်းအချက်အလက် **mRNA** ကိုပိုင်ဆိုင်သည်။

ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ၂၁ရက် အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထပ်ထိုးပါမည်။ကာကွယ်ဆေး၏အကျိုးသက်ရောက်မှုသည် ၉၅% ရှိသည်ဟု ၂၀၂၁ခုနစ်၅လပိုင်း တွင်ထုတ်ပြန်ထားသည်။

- Moderna (USA) ဆေးကုမ္ပဏီက ထုတ်လုပ်သောကိုရိုနာကာကွယ်ဆေး (**mRNA** ကာကွယ်ဆေး) သည်ကိုရိုနာကိုဗိုင်းရပ်စ်ပိုးအလွယ်တကူ ကူးစက်ခံရမှုမှကာကွယ်ရန် ကိုယ်ခန္ဓာအတွင်း ပရိုတိန်းများကိုထုတ်ပေးသော မျိုးရိုးဗီဇသတင်းအချက်အလက် **mRNA** ကိုပိုင်ဆိုင်သည်။

ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ၂၈ရက်အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထပ်ထိုးပါမည်။ကာကွယ်ဆေး၏အကျိုးသက်ရောက်မှုသည် ၉၄% ရှိသည်ဟု ၂၀၂၁ခုနစ်၅လပိုင်း တွင်ထုတ်ပြန်ထားသည်။

- AstraZeneca(UK)ဆေးကုမ္ပဏီကထုတ်လုပ်သောကိုရိုနာကာကွယ်ဆေး( ဗိုင်းရပ်စ်ပိုးကာကွယ်ဆေး )သည်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအန္တရာယ်ကို ကာကွယ်ပေးသောအာနိသင်ကိုပိုင်ဆိုင်ခြင်း၊ကိုယ်ခန္ဓာအတွင်း ပရိုတိန်းများထုတ်ပေးသည်။

ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ၂၈ရက်အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထပ်ထိုးပါမည်။ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုသည် ၇၆% ရှိသည်ဟု ၂၀၂၁ခုနစ်၅လပိုင်း တွင်ထုတ်ပြန်ထားသည်။

ယခုလက်ရှိ အပေါ်ကကာကွယ်ဆေး (၃) မျိုးထဲမှ ဘယ်အမျိုးအစားထိုးမယ်ဆိုတာရွေးချယ်ခွင့်မရှိပါ။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ကာကွယ်ရန်အတွက် ကာကွယ်ဆေးစောစောထိုးနိုင်မည့် လမ်းညွှန်မှုအစီအစဉ်ဖြစ်ပါသည်။ အကယ်၍ သင်သည်ကာကွယ်ဆေး၏ဘေးထွက်ဆိုးကျိုးများကို စိုးရိမ်ပါက ကာကွယ်ဆေး လက်ခံထိုးယူခြင်း၊ မထိုးယူခြင်းသည်သင်သဘောအတိုင်းဆုံးဖြတ်ရွေးချယ်နိုင်သည်။ သို့သော်ကာကွယ်ဆေးလက်ခံထိုးယူခြင်းမရှိသော သူများသည် ယခုလက်ရှိအခြေအနေအတိုင်း အလုပ်မသွားခင် ကိုယ်ခန္ဓာအပူချိန်တိုင်းတာခြင်းနှင့် အပြင်ထွက်ခြင်းကန့်သတ်ချက်စည်းကမ်းများ အစရှိသည်တို့သည် ကိုရိုနာ ကူးစက်ခံရမှုမှကာကွယ်ရန်အတွက်ကာကွယ်ဆေးလက်ခံထိုးယူထားသောသူထက် ပိုမိုတင်းကျပ်မည်ဖြစ်သည်ကိုနားလည်ထားစေချင်ပါသည်။ ခုမိအအိအနေဖြင့် နည်းပညာအလုပ်သင်သင်တန်းသားတို့၏ဘေးကင်းရေးအတွက်ကာကွယ်ဆေးလက်ခံထိုးယူရန်အကြံပြုတိုက်တွန်းလိုပါသည်။ကာကွယ်ဆေးလက်ခံထိုးယူထားသောသူများသည်အပူချိန်တိုင်းတာခြင်းနှင့်အပြင်ထွက်ခြင်းကန့်သတ်ချက်စည်းကမ်းများသည်ပပျောက်သွားခြင်းမဟုတ်ပါ။အရင်အခြေအနေထပ်ပြေလျော့သွားမည်ဖြစ်သည်။

**ကိုရိုနာကာကွယ်ဆေး၏ဘေးထွက်တုံ့ပြန်မှုများ**

ဆေးထိုးပြီးနောက်ပိုင်း နာကျင်ခြင်း၊ ရောင်ရမ်းခြင်း၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း ၊ ကြွက်သားနာခြင်းစသော ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်ျ နိုင်သည်။ ဖြစ်နိုင်ချေနည်းသော (Anaphylaxis) လို့ခေါ်သော ဓာတ်မတည့်ခြင်း လက္ခဏာ ( ခန္ဓာကိုယ်တွင်အဖုအပိန့် ) များဖြစ်ပေါ် နိုင်သည်။ ကာကွယ်ဆေးထိုးမည့်အချိန်တွင် လက်ခံထိုးယူသူသည် သဘောတူညီချက်ပုံစံတွင် လက်မှတ်ထိုးရန် လိုအပ်ပါသည်။ ကျေးဇူးပြုပြီး သဘောတူခွင့်ပြုချက်ပုံစံကိုသေချာစွာဖတ်ပေးပါ။ကာကွယ်ဆေးထိုးယူခြင်းနဲ့ပတ်သက်ပြီးစိုးရိမ်ပူပန်မှုများရှိပါကကာကွယ်ဆေးမထိုးယူခင်ကြိုတင်၍တာဝန်ခံထံအကြောင်းကြားပေးပါ။